**International Republican Institute**
1225 Eye St. NW, Suite 700
Washington, DC 20005
(202) 408-9450
(202) 408-9462 *fax*
www.iri.org | @IRIGlobal

For Immediate Release
April 3, 2014

# IRI လူထုစစ်တမ်း

## မြန်မာနိုင်ငံသားများသည် ဒီမိုကရေစီကို အင်တိုက်အားတိုက် ထောက်ခံ၊ နိုင်ငံ၏ အသွင်ကူးပြောင်းရေး လမ်းကြောင်းနှင့် ပတ်သက်ပြီး ကျေနပ်ကြောင်း ဖော်ပြ

**ရန်ကုန်၊ မြန်မာ** - မြန်မာနိုင်ငံတွင် ပထမဦးဆုံးအကြိမ်အဖြစ် အမျိုးသားအဆင့် လူထုစစ်တမ်းတစ်ရပ်အား International Republican Institute ကကောက်ယူခဲ့ပြီး၊ ၎င်းစစ်တမ်း၏ ရလဒ်အား ယနေ့ ထုတ်ပြန်ခဲ့သည်။ စစ်တမ်း၏ တွေ့ရှိချက်များအရ မြန်မာနိုင်ငံသားအများစုသည် ဒီမိုကရေစီစနစ်ဖြင့် အုပ်ချုပ်သော အုပ်ချုပ်ရေးစနစ်သည်သာ အကောင်းဆုံးဖြစ်ကြောင်း ဖော်ပြခဲ့ကြပြီး မြန်မာနိုင်ငံ၏ ယခုကာလ အသွင်ကူးပြောင်းရေး လမ်းကြောင်းနှင့် ပတ်သက်ပြီး ထောက်ခံကြောင်း ဖော်ပြသည်။

### ဒီမိုကရေစီကို အင်တိုက်အားတိုက် ထောက်ခံ

စစ်အုပ်ချုပ်ရေးအောက်တွင် ဆယ်စုနှစ်ပေါင်းများစွာ နေလာခဲ့ပြီးနောက် အရပ်သားအစိုးရ အုပ်ချုပ်ရေးပုံစံသို့ ကူးပြောင်းနေသော မျက်မှောက်ကာလတွင် ပိုမို၍ ဒီမိုကရေစီကျလာသည့် မြန်မာနိုင်ငံကို နိုင်ငံသားများက ထောက်ခံနေကြသည်။ ဒီမိုကရေစီစနစ်တွင် စနစ်၏အားနည်းချက်ပြဿနာများ ရှိနေနိုင်သော်လည်း ဒီမိုကရေစီသည် တစ်ခြားသော အုပ်ချုပ်မှုစနစ်များထက် သာလွန်သည် ဟူသော ဖော်ပြချက်နှင့် ပတ်သက်ပြီး လူထုစစ်တမ်းဖြေဆိုသူ ၇၈ ရာခိုင်နှုန်းက သဘောတူကြောင်း ဖြေဆိုခဲ့ကြသည်။ ဒီမိုကရေစီနှင့် ပတ်သက်ပြီး အားနည်းချက်များကို ဖော်ပြရာတွင် ဖြေဆိုသူအများစုမှာ သဘောမတူခဲ့ပေ။ ဥပမာ - ဒီမိုကရေစီစနစ်သည် ဆုံးဖြတ်ချက်များ ပြတ်သားမှုမရှိဟု ဆိုရာတွင် ၄၉ ရာခိုင်နှုန်းမှာ သဘောမတူခဲ့ပေ။ ဒီမိုကရေစီစနစ်သည် စီးပွားရေးအတွက် မကောင်းဟု ဖော်ပြရာတွင် ၆၉ ရာခိုင်နှုန်းမှာ သဘောမတူခဲ့ပေ။ ဒီမိုကရေစီသည် တရားဥပဒေစိုးမိုးရေး ဖော်ဆောင်ရာတွင် အားနည်းဟု ဖော်ပြချက်တွင် ၆၅ ရာခိုင်နှုန်းက သဘောမတူခဲ့ပေ။ ယနေ့တွင် ရွေးကောက်ပွဲများ ကျင်းပလျှင် သင်မဲထည့်မည်လားဟူသော မေးမြန်းချက်တွင် ၈၉ ရာခိုင်နှုန်းသော ဖြေဆိုသူများမှာ ပေးဖြစ်အောင် ပေးမည်ဟု ဖြေဆိုခဲ့ကြပါသည်။

မြန်မာနိုင်ငံ၏ ယနေ့ကာလ နိုင်ငံရေးအပြောင်းအလဲများနှင့် ပတ်သက်ပြီး မြန်မာနိုင်ငံသားများက လက်ခံကြသည်မှာ အံ့သြစရာတော့ မဟုတ်ပါ။ ၆၂ ရာခိုင်နှုန်းသော စစ်တမ်းဖြေဆိုသူများမှာ ယမန်နှစ်အတွင်းတွင် ဒီမိုကရေစီကူးပြောင်းမှုများ တိုးတက်နေသည်ဟု ဖြေဆိုခဲ့ကြပါသည်။ အမျိုးသမီးများ၏ အခွင့်အရေးများသည်လည်း တိုးတက်ခဲ့သည်ဟု ၆၂ ရာခိုင်နှုန်းက ဆိုခဲ့ပြန်ပါသည်။

**စီးပွားရေးနှင့် ပတ်သက်လျှင် အကောင်းဘက်သို့ ရောက်နေသည်ဟု ထင်မြင်**

စီးပွားရေးမတိုးတက်မှု၊ နိုင်ငံတကာ၏ ဖယ်ကျဉ်မှုကို နှစ်ပေါင်းများစွာ ခံခဲ့ရပြီး နောက်တွင် ယခုအခါ မြန်မာနိုင်ငံသားများသည် မြန်မာနိုင်ငံ၏ လားရာလမ်းကြောင်းနှင့် ပတ်သက်ပြီး အကောင်းမြင်လျက်ရှိကြသည်။ ၈၈ ရာခိုင်နှုန်းသော စစ်တမ်းဖြေဆိုသူများက မြန်မာနိုင်ငံသည် လမ်းကြောင်းမှန်ပေါ်သို့ ရွေ့လျားနေသည်ဟု ဆိုကြသည်။ ထို့ပြင် ၈၅ ရာခိုင်မှုန်းမှာ မြန်မာနိုင်ငံ၏ စီးပွားရေးအခြေအနေသည် ကောင်းနေသည်၊ အလွန်ကောင်းနေသည်ဟု ထင်မြင်ကြသည်။ ယမန်နှစ်ကနှင့် စာလျှင် ၈၅ ရာခိုင်နှုန်းမှာ သူတို့၏ ကိုယ်ပိုင်စီးပွားရေးများ နဂိုအတိုင်းရှိနေခဲ့သည် (သို့) တိုးတက်ခဲ့သည်ဟု ဖြေဆိုကြသည်။ ၈၁ ရာခိုင်နှုန်းမှာလည်း လာမည့်နှစ်တွင် သူတို့၏ ကိုယ်ပိုင်စီးပွားရေးမှာ ယခုအတိုင်းရှိနေမည် (သို့) တိုးတက်လာမည်ဟု မျှော်လင့်နေကြသည်။

စီးပွားရေးနှင့် ပတ်သက်ပြီး ခြုံကြည့်လျှင် အကောင်းမြင်မှုများ ရှိနေသော်လည်း ၁၉ ရာခိုင်နှုန်းသော ဖြေဆိုသူများမှာ အလုပ်လက်မဲ့နှုန်းသည် မြန်မာနိုင်ငံ၏ အဓိက ပြဿနာဟု လည်းကောင်း၊ ၁၆ ရာခိုင်နှုန်းမှာ တိုင်းရင်းသား (သို့) ဂိုဏ်းဂဏ ပဋိပက္ခများသည် မြန်မာနိုင်ငံရင်ဆိုင်နေရသော ပြဿနာဟု လည်းကောင်း၊ ၉ ရာခိုင်နှုန်းမှာ ကုန်ဈေးနှုန်းကြီးမြင့်မှုသည် အဓိက ပြဿနာဟု လည်းကောင်း ဖြေဆိုခဲ့ကြသည်။ စီပွားရေးနှင့် ပတ်သက်လျှင် ဝင်ငွေနည်းပါးမှု နှင့် စိုက်ပျိုးစရိတ် အထောက်အပံ့နှင့် ပတ်သက်ပြီး စိုးရိမ်စရာများ ရှိနေသေးသည်ဟုလည်းကောင်း ဖြေဆိုခဲ့ကြသည်။

**စစ်တမ်းကောက်ယူခဲ့ပုံ နည်းစနစ်များ**

ယခုဖော်ပြပါ လူထုစစ်တမ်းအား ဒီဇင်ဘာ ၂၄ ရက် ၂၀၁၃ မှ ဖေဖော်ဝါရီ ၁ ရက် ၂၀၁၄ အတွင်း ကောက်ယူခဲ့ခြင်းဖြစ်သည်။ ထိုသို့ ကောက်ယူရာတွင် မြန်မာနိုင်ငံ၏ စီးပွားရေး၊ လူမှုရေးနှင့် နိုင်ငံရေးအခြေအနေများနှင့် ပတ်သက်ပြီး ပြည်သူလူထု၏ အတွေးအမြင်များကို စနစ်တကျနှင့် ကျယ်ကျယ်ပြန့်ပြန့် ကောက်ယူခဲ့သည်။ ပြည်နယ်နှင့် တိုင်းဒေသကြီး ၁၄ ခုတွင် မြို့ပြဒေသ ၉၂ နေရာ၊ ကျေးလက်ဒေသ ၂၀၈ နေရာတွင် ကောက်ယူခဲ့ပြီး အမျိုးသားအမျိုးသမီး ၃၀၀၀ အား သုတေသန စစ်တမ်းအတွက် မဲကောက်ရွေးချယ်ခဲ့သည်။ လူထုစစ်တမ်းကောက်ယူမှုကို ပြင်ဆင်ပြီး၊ ရရှိလာသော အချက်အလက်များကို လေ့လာဆန်းစစ်ခဲ့သူမှာ Global Strategic Partners မှ Rob Varsalone ဖြစ်ပါသည်။ စစ်တမ်း၏ အချက်အလက်များကို ကွင်းဆင်း ကောက်ယူခဲ့သည့် အဖွဲ့မှာ Myanmar Survey Research ဖြစ်ပြီး IRI ၏ ကြီးကြပ်မှုအောက်တွင် ကောက်ယူခဲ့ပါသည်။ စစ်တမ်း၏ မျှခြေ မှားယွင်းနိုင်မှုမှန်ကန်နိုင်မှု ရာခိုင်နှုန်းမှာ

+၂ သို့ -၂ ရှိပြီး ၉၅ရာခိုင်နှုန်းမှန်ကန်မှုရှိကြောင်းယုံကြည်မှုရှိပါသည်။ အများ၏တုံ့ပြန်မှု အဆင့်မှာ ၇၉ ရာခိုင်နှုန်းရှိပါသည်။

ယခု စစ်တမ်းအား United States Agency for International Development မှ ငွေကြေးပိုင်းဆိုင်ရာကူညီပံ့ပိုးပါသည်။

မြန်မာနိုင်ငံတွင် ၁၉၉၂ ခုနှစ်မှ စ၍ အကြမ်းဖက်မှုကင်းမဲ့သော ပြုပြင်ပြောင်းလဲရေးကိုဦးတည်သည့် လွပ်လပ်ရေးနှင့် ဒီမိုကရေစီလုပ်ငန်းစဉ်များတွင် ပါဝင်လှုပ်ရှားနေသော နိုင်ငံရေးခေါင်းဆောင်များ၊ ပါတီများ၊ နိုင်ငံရေးလှုပ်ရှားသူများ နှင့် အရပ်ဖက်လူ့အဖွဲ့ အစည်းများအား IRI နှင့် ၎င်း၏ လက်ဖော်ကိုင်ဖက် အဖွဲ့အစည်းများမှ ကူညီထောက်ပံ့ပေးလျက်ရှိပါသည်။